Message Six

# ဘုရားသခင်၏ အကြံအစည်တော်အတွက် ဘုရားသခင်အားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခံရန် ဘုရားသခင်ကို ရယူခြင်း

ဖတ်ရန်ကျမ်း။ ။ ယောဘ၊၄၂း၁-၆။ ၂ကော၊၃း၈-၉။ ၄း၁၀-၁၂၊ ၁၆-၁၈။ ၅း၁၈-၂၀

## I. ယောဘအဖို့ ဘုရားသခင်၏ရည်ရွယ်ချက်မှာ သူသည် ကောင်းကင်ဆိုင်ရာရှုပါရုံနှင့် ဘုရားသခင်၏စီမံကိန်း စစ်မှန်ခြင်း၌ အသက်ရှင်သော ပုဂ္ဂိုလ်ဖြစ်လာစေရန် ဖြစ်သည်။

A. ယောဘ၏အတွေ့အကြုံမှာ ဘုရားသခင်က ကျေနပ်ရောင့်ရဲနေသည့် ယောဘကို ကုန်ဆုံးစေခြင်းနှင့် ချွတ်ခွာပေးခြင်းအား လုပ်ဆောင်ခြင်းဟာ ဘုရားဆိုင်ရာစီမံကိန်း၌ ဘုရားသခင်ယူဆောင်ခဲ့သည့် အဆင့်ဖြစ်သည်၊ ထိုသို့ဖြင့် ယောဘကို ဖြိုချပြီး၊ ဘုရားသခင်ကိုယ်တော်တိုင်ဖြင့် သူ့ကို ပြန်လည်တည်ဆောက်ပေးရန်နှင့် ဘုရားသခင်ကို နက်ရှိုင်းစွာ ရှာဖွေခြင်းအထဲသို့ ခေါ်ဆောင်ပေးခြင်းဟာ ဘုရားသခင်၌ နည်းလမ်းရရှိမည်ဖြစ်သည်၊ သို့မှသာ သူသည် ကိုယ်တော်၏ကောင်းချီးမင်္ဂလာများနှင့် သူ၏စုံလင်ခြင်းနှင့် တည်ကြည်ခြင်း၌ ရရှိခဲ့ခြင်းများအစား၊ ဘုရားသခင်ကို ရရှိနိုင်မည်ဖြစ်သည် - ဖိ၊၃း၁၀-၁၄။ ၁ကော၊၂း၉။ ၈း၃။ ထွ၊၂၀း၆။ ၁ရာ၊၁၆း၁၀-၁၁။ ၂၂း၁၉က။ ၂ရာ၊၁၂း၁၄။ ၂၆း၃-၅။ ၃၄း၁-၃က။ ဆာ၊၂၄း၆။ ၂၇း၄၊ ၈။ ၁၀၅း၄။ ၁၁၉း၂၊ ၁၀။ ဟေဗြဲ၊ ၁၁း၆။

B. ဘုရားသခင်ကို ဂရုစိုက်ခြင်းမရှိသောသူသည် များစွာသောအရာများ ရရှိကာ ကြီးပွားတိုးတက်နေသည်ဟု ထင်ရသည် (ဆာ၊ ၇၃း၁-၁၅)။ မည်သို့ပင်ဆိုစေ ဘုရားသခင်ကို ဂရုစိုက်သောသူသည် ဘုရားသခင်အားဖြင့် ကန့်သတ်ထိန်းချုပ်ခြင်း၊ များစွာသောအရာများမှ ဘုရားသခင်အားဖြင့် ချွတ်ခွာခြင်းပင် ခံရလိမ့်မည်ဖြစ်သည်။ ဘုရားသခင်က ကိုယ်တော်ကို ရှာဖွေသူများ၌ ရည်ရွယ်ထားသည့်အရာမှာ သူတို့သည် အရာခပ်သိမ်းကို ကိုယ်တော်၌ တွေ့ရှိကာ၊ ကိုယ်တော်ကိုယ်တော်တိုင်ကို အကြွင်းမဲ့မွေ့လျော်ဝမ်းမြောက်ခြင်းမှ အာရုံလွဲသွားခြင်း မရှိစေရန်ဖြစ်သည် (အငယ်၊၁၆-၂၈)။

C. ကိုယ်တော်၏ သန့်ရှင်းသောလူမျိုးတော်ကို ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏ အကြံအစည်တော်မှာ သူတို့သည် အရာခပ်သိမ်းမှ ဗလာဖြစ်လာကာ၊ ဘုရားသခင်တစ်ပါးတည်းကိုသာ သူတို့၏အမြတ်အဖြစ် လက်ခံရရှိစေရန် ဖြစ်သည် (ဖိ၊၃း၈။ ညွှန်း၊ ဆာ၊၇၃း၂၅-၂၆)။ ဘုရားသခင့်စိတ်နှလုံးတော် အလိုဆန္ဒမှာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်အဖြစ်၊ အသက်မစရာအဖြစ် ကျွန်ုပ်တို့ဖြစ်ခြင်းသို့ အရာခပ်သိမ်းအဖြစ် အမြတ်ရရှိစေရန် ဖြစ်သည် (ရော၊၈း၁၀၊ ၆၊ ၁၁။ ညွှန်း၊ ကော၊၁း၁၇ခ၊ ၁၈ခ)။

D. ကိုယ်တော်၏ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းနှင့်အတူ ဘုရားသခင့်စီမံကိန်း၏ စစ်မှန်ခြင်း၌ အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်အား မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ပင်ကိုမူလ စေ့စပ်ထုံးဖွဲ့မှုအဖြစ် တည်ဆောက်စေရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးသည် ခရစ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခြင်း ရှိလိမ့်မည်ဖြစ်သည်။

1. ပေါလု၏သြဝါစာများ၌ ဖွင့်ပြသည့်အတိုင်း ကျွန်ုပ်တို့ကို ဆက်ဆံဖြေရှင်းပေးခြင်း၌ ဘုရားသခင်၏အကြံအစည်တော်မှာ အရာခပ်သိမ်းကို ကျွန်ုပ်တို့ကို ချွတ်ခွာပေးကာ၊ ကုန်ဆုံးစေပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပို၍ ပို၍ အမြတ်ရရှိနိုင်စေရန် ဖြစ်သည် - ၂ကော၊၄း၁၆-၁၈။
2. အသင်းတော်ကို တည်ဆောက်ခြင်းမှာ ခရစ်တော်က ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ သူ၏အိမ်တော်ဆောက်လုပ်ခြင်းအားဖြင့်၊ တစ်နည်းဆိုသော် ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို တည်ဆောက်ပေးခြင်း၊ ကျွန်ုပ်တို့၏စိတ်နှလုံး၊ ကျွန်ုပ်တို့၏ပင်ကိုမူလ စေ့စပ်ထုံးဖွဲ့မှုကို ကိုယ်တော်၏အိမ်တော်ဖြစ်စေခြင်းအားဖြင့် ဖြစ်သည် - ဧ၊၃း၁၆-၂၁။

E. ခရစ်တော်၌ ဘုရားသခင်သည် လူအထဲသို့ စေ့စပ်ထုံးဖွဲ့ခဲ့ပြီး၊ လူသည် ဘုရားသခင်အထဲသို့ စေ့စပ်ထုံးဖွဲ့ခဲ့ကာ၊ ဘုရားသခင်နှင့် လူသည် တစ်ခုတည်းသော ထုံးဖွဲ့မှု၊ ဘုရား-လူဖြစ်လာရန် အတူတကွ ရောနှောပေါင်းစည်းခဲ့သည်။ ဤသည်မှာ ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ မိမိကိုယ်တော်တိုင် လူဖြစ်လာပြီး၊ လူကို ကိုးကွယ်ခံဦးခေါင်းအရာ၌ မပတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်ဖြစ်စေရန်ဖြစ်ကြောင်း ရည်ညွှန်းနေသည် - ၂ရှမွေ၊၇း၁၂-၁၄က။ ရော၊၁း၃-၄။ မ၊ ၂၂း၄၁-၄၅။ ယော၊၁၄း၆က။ ၁၀း၁၀ခ။ ၁ကော၊၁၅း၄၅ခ။ ယော၊၆း၆၃။ ၂ကော၊၃း၆။ ၁ယော၊၅း၁၆က။

**II. ဘုရားသခင်၏စီမံကိန်းမှာ ဘုရားသခင်သည် လူ့ဇာတိခံခြင်းမှတစ်ဆင့် အသွေးအသား၌လူဖြစ်လာပြီး၊ လူသည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းမှတစ်ဆင့် ဝိညာဉ်တော်၌ ဘုရားသခင်ဖြစ်လာကာ၊ ဘုရားသခင်ကို လူအထဲသို့လည်းကောင်း၊ လူကို ဘုရားသခင်အထဲသို့လည်းကောင်း တည်ဆောက်ခြင်းဖြင့် စုပေါင်းထားသော ဘုရား-လူကို ရရှိရန်ဖြစ်သည်။**

A. ကိုယ်တော်၏လူဖြစ်လာခြင်း၌ ထာဝရဖြစ်သော သုံးပါးတစ်ပါးဘုရား၏ အံ့ဩဖွယ်အကောင်းဆုံး၊ အထူးမြတ်ဆုံး၊ အနက်နဲဆုံးနှင့် အရာအားလုံးပါဝင်သော ပုံသဏ္ဍာန်ပြောင်းလဲခြင်းများသည် ကိုယ်တော်၏ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံရန်အတွက် လူ၌ ဘုရားသခင်၏ လှုပ်ရှားမှုဖြစ်သည် - မိက္ခာ၊၅း၂။ ယော၊၁း၁၄၊ ၂၉။ ၃း၁၄။ ၁၂း၂၄။ တ၊၁၃း၃၃။ ၁ပေ၊၁း၃။ ၁ကော၊၁၅း၄၅ခ။ တ၊၂း၃၆။ ၅း၃၁။ ဟေဗြဲ၊၄း၁၄။ ၉း၁၅။ ၇း၂၂။ ၈း၂။

1. ဤပုံသဏ္ဍာန်ပြောင်းလဲခြင်းများသည် သုံးပါးတစ်ပါးဘုရား၏ ဘုရား-လူဖြစ်လာခြင်း၌ ဖြတ်ကျော်ခဲ့သည့် ဖြစ်စဉ်များဖြစ်ကာ၊ ဘုရားဇာတိကို လူသားဇာတိအထဲသို့ ယူဆောင်လာပြီး၊ ဘုရားဇာတိကို လူသားဇာတိနှင့် ရောနှောပေါင်းစည်းကာ၊ များစွာသော ဘုရား-လူများကို အမြောက်အများပုံတူပွားများရန်အတွက် ရှေ့ပြေးပုံစံကို ထုတ်လုပ်ခဲ့သည်။ ကိုယ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်လာကာ၊ ဘုရားသခင်ကို လူထံ ခေါ်ဆောင်လာ၍၊ ဘုရားသခင်ကို ဆက်သွယ်နိုင်သော၊ ထိတွေ့နိုင်သော၊ လက်ခံရရှိနိုင်သော၊ တွေ့ကြုံခံစားနိုင်သော၊ ဝင်ရောက်နိုင်သော၊ မွေ့လျော်ဝမ်းမြောက်နိုင်သောအရာ ဖြစ်စေသည် - ယော၊၁း၁၄။ ကော၊၂း၉။ ရော၊၈း၂၈-၂၉။

2. ဤပုံသဏ္ဍာန်ပြောင်းလဲခြင်းများကို ဘုရားသခင်က ဟောရှေ၊၁၁း၄ တွင် "လူကို ဆွဲတတ်သော ကြိုးလုံးများ တည်းဟူသော /မေတ္တာကြိုးများနှင့် သူတို့ကို ငါဆွဲငင်၏"ဟူ၍ ပြောထားခဲ့သည်။ *လူကို ဆွဲတတ်သောကြိုးလုံးများ တည်းဟူသော မေတ္တာကြိုးများနှင့်* ဟူသော စကားစုမှာ ဘုရားသခင်သည် ကိုယ်တော်၏ဘုရားဆိုင်ရာမေတ္တာတော်သည် ဘုရားဇာတိအဆင့်၌မဟုတ်ဘဲ လူသားဇာတိအဆင့်၌ ကျွန်ုပ်တို့ကို ချစ်တော်မူကြောင်းရည်ညွှန်းသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ဘုရားဆိုင်ရာဖြစ်သည်၊ သို့သော် ကျွန်ုပ်တို့ထံ လူကို ဆွဲတတ်သောကြိုးဖြင့် ရောက်လာသည်၊ ယင်းမှာ ခရစ်တော်၏ လူသားဇာတိမှတစ်ဆင့် ရောက်လာခြင်းဖြစ်သည်။

a. ကျွန်ုပ်တို့ကို ဘုရားသခင်ဆွဲယူသည့် ကြိုးများ (ပုံသဏ္ဍာန်ပြောင်းလဲခြင်းများ၊ ဖြစ်စဉ်များ) သည် ခရစ်တော်၏လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်ပေါ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့်တက်ကြွခြင်းတို့ပါဝင်သည်။ လူသားဇာတိ၌ ခရစ်တော်၏ ဤအဆင့်များအားလုံးဖြင့် ကိုယ်တော်၏ကယ်တင်ခြင်း၌ ဘုရားသခင်၏ချစ်ခြင်းသည် ကျွန်ုပ်တို့ထံ ရောက်ရှိလာခြင်းဖြစ်သည် - ယေ၊၃၁း၃။ ယော၊၃း၁၄၊ ၁၆။ ၆း၄၄။ ၁၂း၃၂။ ရော၊၅း၅၊ ၈။ ၁ယော၊၄း၈-၁၀၊ ၁၆၊ ၁၉။

b. ခရစ်တော်မှလွဲ၍ ဘုရားသခင်၏ အစဉ်အမြဲတည်သော မေတ္တာ၊ ကိုယ်တော်၏မပြောင်းလဲသော၊ သိမ်းပိုက်လွှမ်းမိုးသော မေတ္တာသည် ကျွန်ုပ်တို့နှင့် ဆက်နွှယ်ရာတွင် အောင်နိုင်ခြင်း ရှိနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏ မပြောင်းလဲသော မေတ္တာတော်သည် အနိုင်ယူနိုင်ခြင်းမှာ ၎င်းသည် ခရစ်တော်၌၊ ခရစ်တော်နှင့်အတူ၊ ခရစ်တော်အားဖြင့်၊ ခရစ်တော်အတွက် ဖြစ်သော မေတ္တာတော်ဖြစ်သောကြောင့်တည်း။

c. ဘုရားသခင်၏ အစဉ်အမြဲတည်သော မေတ္တာတော်သည် အမြဲ အောင်မြင်တော်မူသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ ကျရှုံးမှုများနှင့် အမှားများရှိနေစေကာမူ၊ ဘုရားသခင်၏မေတ္တာတော်သည် အောင်နိုင်မှုကို ရရှိတော်မူမည်ဖြစ်သည် - ရော၊၈း၃၅-၃၉။

B. သုံးပိုင်းရှိသောလူ၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် လူကို ဘုရားဖြစ်စေရန်၊ လူကို အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားဖြင့် စေ့စပ်ထုံးဖွဲ့ပေးရန် ဘုရားသခင်၏လှုပ်ရှားမှုဖြစ်သည်။ ယောဘထံသို့ ဘုရားသခင်ပေါ်ထွန်းလာခြင်း၌ သူသည် ဘုရားသခင်၏အကြံအစည်တော်အတွက် ဘုရားသခင်အားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခံရရန် ဘုရားသခင်ကို ရရှိမည့်အကြောင်း ဘုရားသခင်ကို တွေ့မြင်ခဲ့လေသည် - ယောဘ၊၃၈း၁-၃။ ၄၂း၁-၆။ ၂ကော၊၃း၁၆-၁၈။ ဟေဗြဲ၊၁၂း၁-၂က။

1. ဘုရားသခင်ကို မြင်ခြင်းသည် ကျွန်ုပ်တို့ဖြစ်ခြင်းကို ဘုရားသခင်၏ပုံသဏ္ဍာန်တော်အထဲသို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်း ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ဝိညာဉ်ရှိ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်အဖြစ် ကိုယ်တော်ကို ကျွန်ုပ်တို့ မျှော်ကြည့်လေလေ၊ ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဘုရားဆိုင်ရာ ဒြပ်သဘာဝကို ကျွန်ုပ်တို့၏ဒြပ်သဘာဝအဟောင်းအား ချွတ်ခွာပေးစေခြင်းငှာ ကိုယ်တော်၏ ပါဝင်သောအနှစ်သာရများအားလုံးကို ကျွန်ုပ်တို့ လက်ခံရှိလေလေဖြစ်သည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးသည် အသစ်ဖြစ်လာသည်။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည် အပြင်ပိုင်းဆိုင်ရာပြောင်းလဲခြင်း အကြောင်းအရာမဟုတ်ဘဲ၊ အတွင်းပိုင်းမှ ပုံသဏ္ဍာန်ပြောင်းလဲခြင်း အကြောင်းအရာဖြစ်သည် - ၂ကော၊၃း၁၈။ ဆာ၊၂၇း၄။ ဂလ၊၆း၁၅-၁၆။
2. ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏စိတ်နှလုံး လှည့်ပြန်လာခြင်းအားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ နေ့စဉ်ဖြစ်စဉ်အောက်တွင် တည်မြဲနေနိုင်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဖွင့်ထားသောမျက်နှာဖြင့် ကိုယ်တော်ကို မျှော်ကြည့်ကာ ရောင်ပြန်ဟပ်ခြင်း ရှိနိုင်မည်ဖြစ်သည်။ ဖွင့်ထားသော မျက်နှာသည် သခင်ဘုရားထံသို့ လှည့်ပြန်လာသည့် စိတ်နှလုံးဖြစ်သည် - ၂ကော၊၃း၁၆၊ ၁၈။
   a. သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏စိတ်နှလုံးကို လှည့်ပြန်ခြင်းသည် သခင်ဘုရားကို ချစ်ခြင်းဖြစ်သည်။ သခင်ဘုရားကို ကျွန်ုပ်တို့ချစ်လေလေ၊ ကျွန်ုပ်တို့၏စိတ်နှလုံးသည် သခင်ဘုရားထံ ဖွင့်ပေးခြင်း ရှိလေလေဖြစ်လာကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့ဝိညာဉ်မှ ကျွန်ုပ်တို့စိတ်နှလုံး အပိုင်းများအားလုံးအထဲသို့ ပျံ့နှံ့သွားရန် နည်းလမ်းရှိလိမ့်မည်ဖြစ်သည်။
   b. ကျွန်ုပ်တို့၏စိတ်နှလုံးကို သခင်ဘုရားထံ လှည့်ပြန်ခြင်း၊ သခင်ဘုရားထံ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဖွင့်ပေးခြင်းသည် အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်းအဖို့ သော့ချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ "အို သခင်၊ ကိုယ်တော်ကို ချစ်ပါ၏၊ ကိုယ်တော်ကို ကျေနပ်ဝမ်းမြောက်စေလိုပါ၏"ဟု ပြောရုံဖြင့် သခင်ဘုရားထံ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဖွင့်ပေးခြင်း ပြုနိုင်သည်။
   c. ကျွန်ုပ်တို့သည် သခင်ဘုရားကို ကျွန်ုပ်တို့၏ အခြေအနေအားလုံး၌ တစ်နေ့ပြီးတစ်နေ့ မျှော်ကြည့်သောအခါ (ဆာ၊၂၇း၄)၊ သခင်ဘုရား၏ဘုန်းတော်ကို ရောင်ပြန်ဟပ်၍၊ ဘုန်းတော်မှ ဘုန်းတော်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်း ရှိကြလိမ့်မည်ဖြစ်သည်။
   d. များစွာသောခရစ်ယာန်များသည် ဝမ်းမြောက်ခြင်း မရှိကြပါ၊ အကြောင်းမှာ သူတို့အတွင်းမှ ဝိညာဉ်တော်သည် ဝမ်းမြောက်ရွှင်လန်းခြင်း မရှိသောကြောင့်ဖြစ်သည် (ဧ၊၄း၃၀။ ညွှန်း၊ ဆာ၊၁၆း၁၁။ ၄၃း၄။ တ၊၃း၁၉-၂၀။ ထွ၊၃၃း၁၁၊ ၁၄-၁၇။ ဟေဗြဲ၊၁း၉။ ယော၊၁၅း၁၆။ ယော၊၁၅း၉-၁၁။ ၁ယော၊၁း၃-၄။ ၂ယော၊၁၂။ ဖိ၊၄း၄)။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏စိတ်နှလုံး လှည့်ပြန်လာခြင်းမရှိ၊ သခင်ဘုရား၏ဝိညာဉ်တော်အား ကျွန်ုပ်တို့၏ဝိညာဉ်မှ ကျွန်ုပ်တို့၏စိတ်နှလုံးအထဲသို့ ပျံ့နှံ့စေခြင်းငှာ အခွင့်မပေးခဲ့လျှင်၊ ထိန်းချုပ်ကန့်သတ်ခြင်းနှင့် စိတ်ဖိစီးခြင်းကို ခံစားရလိမ့်မည်ဖြစ်သည်။
   e. သခင်ဘုရား၏ဝိညာဉ်တော်ရှိသော နေရာတိုင်း၌ လွတ်လပ်ခြင်းရှိသည် (၂ကော၊၃း၁၇)၊ တစ်စုံတစ်ဦးက အစည်းအဝေးသည် ငြီးငွေ့ဖွယ်ဖြစ်သည်ဟု ပြောမည်ဆိုလျှင် ထိုသူကိုယ်တိုင်သည် အတွင်း၌ ငြီးငွေ့ခြင်း ရှိနေကြောင်း ကျွန်ုပ်တို့ သိနားလည်ရမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏စိတ်နှလုံးသည် သခင်ဘုရားထံသို့ လှည့်ပြန်လာသည့်အခါ ဝိညာဉ်တော်ကို ကျွန်ုပ်တို့၏လွတ်လပ်မှုအဖြစ် မွေ့လျော်ဝမ်းမြောက်ကြသည်။
   f. လွတ်မြောက်စေသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံး၏ အစိတ်အပိုင်း အားလုံးအထဲသို့ ပျံ့နှံ့သွားရန် နည်းလမ်းတစ်ကြိမ် ရရှိသည်နှင့် ကျွန်ုပ်တို့သည် လွတ်မြောက်ခြင်း၊ သာလွန်တက်ကြွခြင်းနှင့် လွတ်လပ်ခြင်းရှိလာကြသည်။ ဤလွတ်ခြင်းသည် ဘုန်းတော်ဖြစ်ကာ၊ ဘုရားသခင်၏မျက်မှောက်တော်နှင့် ဘုရားသခင်၏ထင်ရှားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မြင့်မြတ်ခြင်း၊ ဂုဏ်အသရေရှိခြင်းနှင့် ဘုန်းထင်ရှားခြင်းကို ခံစားရကြသည်၊ အကြောင်းမှာ ကိုယ်တော်၏ပုံသဏ္ဍာန်တော်အထဲသို့ ပုံသဏ္ဍာန်ပြောင်းလဲလာကြသောကြောင့် ဖြစ်သည် - အငယ်၊၁၈။ က၊၁း၂၆။

C. ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့ကို ပုံစံတစ်ခုဖြစ်သည့် လူဟောင်းပုံစံမှ အခြားသောပုံစံဖြစ်သည့် လူသစ်၏ပုံစံသို့ ပြောင်းရွှေ့ပေးသည်။ သခင်ဘုရားသည် ဤပုံသဏ္ဍာန်ပြောင်းလဲခြင်းအလုပ်ကို ခရစ်တော်အသေခံခြင်း၏ သေစေခြင်းအား ဖြင့် ပြီးပြည့်စုံစေခြင်းဖြစ်သည် - ၂ကော၊၄း၁၀-၁၂၊ ၁၆-၁၈။

1. ၂ကောရိန္သု ၄း၁၀ တွင် ပေါလုက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ ယေရှု၏ အသေသတ်ခံခြင်းကို အစဉ်မပြတ် ဆောင်ထားကြကြောင်း ပြောထားသည်။ *အသေသတ်ခံခြင်း* မှာ သေစေခြင်းကို ဆိုလိုသည်။ ခရစ်တော်၏အသေခံခြင်း သည် ကျွန်ုပ်တို့ကို သေစေသည် - ၁ကော၊၁၅း၃၁၊ ၃၆။ ယော၊၁၂း၂၄-၂၆။ ၂ကော၊၁း၈-၉။
2. ခရစ်တော်၏အသေခံခြင်းသည် ပေါင်းစည်းထားသော ဝိညာဉ်တော်၌ ဖြစ်သည်။ ဝိညာဉ်တော်သည် ခရစ်တော်၏အသေ ခံခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုကို လက်တွေ့ယူဆောင်ခြင်းဖြစ်သည် - ထွ၊၃၀း၂၂-၂၅။ ရော၊၈း၁၃။
3. ခရစ်ယာန်အသက်တာသည် ပေါင်းစည်းထားသော ဝိညာဉ်တော်အားဖြင့် သေစေခြင်းအောက်၌ တစ်ချိန်လုံး ရှိနေသည့် အသက်တာဖြစ်သည်။ ဤနေ့စဉ်သေစေခြင်းသည် ကိန်းဝပ်နေသော ဝိညာဉ်တော်အားဖြင့် ပတ်ဝန်းကျင်ကို ၎င်း၏လက် နက်အဖြစ် အသုံးပြုကာ သယ်ဆောင်နေခြင်းဖြစ်သည်။
4. ဘုရားသခင်၏ဘုရားဆိုင်ရာနှင့် အုပ်စိုးဦးဆောင်သည့် စီစဉ်မှုအောက်တွင် အရာခပ်သိမ်းသည် ကျွန်ုပ်တို့၏ကောင်းခြင်း အဖို့၊ ကျွန်ုပ်တို့၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းအဖို ခရစ်တော်အသေခံခြင်း၏ သေစေခြင်းမှတစ်ဆင့် လုပ်ဆောင်နေသည်။ ရော၊၈း၂၈ ရှိ "ကောင်းကျိုး"ဟူသည်မှာ ရုပ်ပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ အကြောင်းကိစ္စများ သို့မဟုတ် အရာများနှင့် ဆက် နွှယ်ခြင်းမဟုတ်ပါ။ ကောင်းသောအရှင် တစ်ပါးတည်းသာရှိသည် - ယင်းမှာ ဘုရားသခင်ဖြစ်သည် - လု၊၁၈း၁၉။
   a. ပုဂ္ဂိုလ်အားလုံး၊ အကြောင်းကိစ္စအားလုံးနှင့် အရာများအားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အဖို့ ကောင်းကျိုးကို လုပ်ဆောင်ရန် နည်းလမ်းပင်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကောင်းမြတ်ခြင်းများဖြင့် (ဆာ၊ ၆၈း၁၉က)၊ သုံးပါးတစ်ပါးဘုရားသခင်ကိုယ်တော်တိုင်ဖြင့် (ဧဝွန်း၊က၊၄၅း၅။၅၀း၂၀) ဖြည့်ပေးခြင်း ခံရမည်ဖြစ်သည်။
   b. ကျွန်ုပ်တို့ထံ ဆက်နွှယ်နေသည့် ပုဂ္ဂိုလ်များအားလုံး၊ အခြေအနေများအားလုံးသည် ဘုရားသခင်၏ဝိညာဉ်တော်က ကျွန်ုပ်တို့အတွင်း ကိုယ်တော်၏လုပ်ဆောင်မှု ကိုက်ညီစေရန် စီစဉ်ထားခြင်းဖြစ်ကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင့်သားဦး၏ ပုံသဏ္ဍာန်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ သဏ္ဍာန်တူညီခြင်း ရှိနိုင်မည်ဖြစ်သည် - ဧဝွန်း၊ မ၊ ၁၀း၂၉-၃၁။

D. ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့က သန့်ရှင်းသော ဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်းကို တွေ့ကြုံခံစားရ သည့်အခါ ကျွန်ုပ်တို့၌ ဖြစ်ပေါ်လာခြင်းဖြစ်သည် - ရော၊၈း၂၊ ၂၈-၂၉။ ဟေဗြဲ၊၁၂း၅-၁၄။

1. ကျွန်ုပ်တို့အတွင်းရှိ ဝိညာဉ်တော်၏အလုပ်သည် ကျွန်ုပ်တို့အဖို့ အသစ်သောဖြစ်ခြင်းကို စေ့စပ်ထုံးဖွဲ့ပေးရန်ဖြစ်သည်၊ သို့ သော် အပြင်ပိုင်းမှ ဝိညာဉ်တော်၏အလုပ်မှာ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်မှတစ်ဆင့် ကျွန်ုပ်တို့၏ဇာတိဖြစ်ခြင်း သွင်ပြင်မှန် သမျှကို ဖြိုချပေးရန်ဖြစ်သည် - ဧဝွန်း၊ ယေ၊၄း၁၁။
2. ကျွန်ုပ်တို့သည် အတွင်းပိုင်း ပြုပြင်လုပ်ဆောင်နေသော ဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ကာ၊ ဘုရားသခင်က ကျွန်ုပ်တို့အဖို့ စီစဉ်ပေးထားသည့် ပတ်ဝန်းကျင်ကို လက်ခံရမည်ဖြစ်သည် - ဖိ၊၄း၁၂။ ဧ၊၃း၁။ ၄း၁။ ၆း၂၀။ ၁ကော၊၇း၂၄။

**III. အမှုတော်သည် ဖွင့်ပြခြင်းအပေါင်း ဒုက္ခဆင်းရဲခြင်းမှ ရလဒ်ဖြစ်သည် - ကျွန်ုပ်တို့မြင်သောအရာသည် ဒုက္ခဆင်းရဲမှတစ်ဆင့် ကျွန်ုပ်တို့အထဲသို့ ယူဆောင်ခံရသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဖြစ်သောအရာကို ကျွန်ုပ်တို့အမှုဆောင်ကြခြင်း ဖြစ်သည်။**

A. အမှုဆောင်သူများသည် များစွာရှိသော်လည်း၊ သူတို့၌ တစ်ခုတည်းသောအမှုတော်သာ ရှိသည်- ယင်းမှာ ဘုရားသခင်၏ဓမ္မ သစ်စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ပဋိညာဉ်တရားသစ်၏ အမှုတော် ဖြစ်သည်။ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့အတူ တကွလုပ်ဆောင်ခြင်းမှာ ဤတုနှိုင်းရာမဲ့သော အမှုတော်၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် လူများထံ ခရစ်တော်ကို အမှုဆောင်ခြင်းအား သယ်ဆောင်ရန်ဖြစ်သည် - တ၊၁း၁၇။ ဧ၊၄း၁၁-၁၂။ ၁တိ၊၁း၁၂။ ၂ကော၊၄း၁။ ၆း၁က။

B. တစ်ခုလုံးအနေဖြင့် ကိုယ်ခန္ဓာတော်၌ တစ်ခုတည်းသော၊ တုနှိုင်းရာမဲ့သော အမှုတော်ရှိသည်၊ သို့သော် ဤအမှုတော်သည် ခရစ် တော်ကိုယ်ခန္ဓာတော်၏ အမှုတော်ဖြစ်သောကြောင့်လည်းကောင်း၊ ကိုယ်ခန္ဓာတော်၌ များစွာသော အင်္ဂါဝင်များရှိသောကြောင့်

လည်းကောင်း၊ အင်္ဂါဝင်များအားလုံး၌ တုနှိုင်းရာမဲ့သောအမှုတော်ကို သယ်ဆောင်ခြင်းအတွက် သူတို့ကိုယ်စီ အမှုတော် ရှိကြသည် - တ၊၂၀း၂၄။ ၂၁း၁၉။ ၂တိ၊၄း၅။ ကော၊၄း၁၇။

C. အမှုတော်သည် ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့သော၊ ကျွန်ုပ်တို့စေ့စပ်ထုံးဖွဲ့ခံရသော၊ ကျွန်ုပ်တို့ထုတ်လုပ်သော ခရစ်တော်ကို အမှုဆောင်ခြင်းဖြစ်ကာ၊ ဒုက္ခဆင်းရဲခြင်းများ၊ ကုန်ဆုံးစေခြင်း ဖိအားများ၊ ကားတိုင်၏သေစေခြင်းအလုပ်တို့မှတစ်ဆင့် ရရှိသော ခရစ်တော်၏ ကြွယ်ဝခြင်းများကို တွေ့ကြုံခံစားခြင်းအားဖြင့် ဖြစ်ပေါ်လာသည် - တ၊၉း၁၅-၁၆။ ကော၊၁း၂၄။ ဖိ၊၃း၁၀။ ၁တိ၊၄း၆။ ၂ကော၊၁း၄-၆၊ ၈-၉၊ ၁၂။ ၃း၃၊ ၆။

1. ဝိညာဉ်တော်၏အမှုတော်သည် ကျွန်ုပ်တို့က ခရစ်တော်ကို အသက်ပေးတော်မူသော ထိုဝိညာဉ်တော်အဖြစ် အမှုဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့အား ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သို့ ရောက်ရှိစေရန် ဖြစ်သည် - အငယ်၊ ၈-၉၊ ၆၊ ၃။ ဗျာ၊၂၂း၁၇က။
2. ဖြောင့်မတ်ခြင်း၏အမှုတော်သည် ကျွန်ုပ်တို့အား ဘုရား-လူအသက်ရှင်ခြင်းအထဲသို့ ဝင်ရောက်သွားစေရန်အတွက်ဖြစ်ကာ၊ ယင်းမှာ ကျွန်ုပ်တို့က ခရစ်တော်ကို ကျွန်ုပ်တို့၏ အပြင်ပိုင်း ဖြောင့်မတ်ခြင်းအဖြစ်သာမက၊ အတွင်းပိုင်း ဖြောင့်မတ်ခြင်းအဖြစ် အမှုဆောင်ခြင်းနှင့် ခရစ်တော်၏ ထင်ရှားခြင်းအစစ်အမှန်အတွက် ဖြောင့်မတ်ခြင်းကို ရှင်ထွက်ခြင်းတို့အားဖြင့်ဖြစ်သည် - ရော၊၅း၁၇။ ဖိ၊၃း၉။ ဗျာ၊၁၉း၈။
3. ပြန်လည်သင့်မြတ်ခြင်းအမှုတော်သည် ကျွန်ုပ်တို့အား လူများကို (ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာ ထိန်းကျောင်းခြင်းအမှုတော်၌ ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်လျက်) ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်း ရှိစေဖို့အတွက်ဖြစ်ကာ၊ ယင်းမှာ ကျွန်ုပ်တို့က ခရစ်တော်ကို ပြန်လည်သင့်မြတ်ခြင်းနှုတ်ကပတ်တော်အဖြစ် အမှုဆောင်ကာ၊ ဘုရားသခင်၏လူများအား အသန့်ရှင်းဆုံးဌာနဖြစ်သော သူတို့၏ဝိညာဉ်အထဲသို့ ခေါ်ဆောင်၍၊ သူတို့ကို ဝိညာဉ်၌ရှိသောပုဂ္ဂိုလ်များဖြစ်စေခြင်းအားဖြင့်ဖြစ်သည် - ၂ကော၊၅း၁၈-၂၀။ ယော၊၂၁း၁၅-၁၇။ ၁ပေ၊၅း၂-၄။ ၂း၂၅။ ဗျာ၊၁း၁၂-၁၃။ ဟေဗြဲ၊၁၀း၁၉၊ ၂၂။ ၁ကော၊၂း၁၅။
4. ထိုသို့ အံ့သြဖွယ်သော အမှုတော်အထဲသို့ ၎င်း၏သွင်ပြင်သုံးခု၌ ကျွန်ုပ်တို့ အပြည့်အဝ ဝင်ရောက်သွားခြင်းအားဖြင့် သခင်ဘုရားသည် အသင်းတော်များအား အသစ်သော နိုးကြားခြင်းအထဲသို့ ခေါ်ဆောင်ရန် နည်းလမ်းရှိလိမ့်မည်ဖြစ်သည်။

D. ဘေးဒုက္ခသည် ခရစ်တော်၏ကြွယ်ဝခြင်းများအားလုံးနှင့်အတူ ကျေးဇူးတော်၏ ချိုမြိန်သော လာရောက်လည်ပတ်ခြင်းနှင့် လူ့ဇာတိခံခြင်းဖြစ်သည်။ ကျေးဇူးတော်သည် အဓိကအားဖြင့် ဘေးဒုက္ခပုံစံ၌ ကျွန်ုပ်တို့ထံ လာရောက်လည်ပတ်သည် - ၂ကော၊ ၁၂း၇-၁၀။

1. ဘေးဒုက္ခများမှတစ်ဆင့် ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းအပေါ် ခရစ်တော်ကားတိုင်၏ သေစေခြင်း အကျိုးသက်ရောက်မှုသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ထံ လက်တွေ့ယူဆောင်ကာ၊ ရှင်ပြန်ထမြောက်ခြင်းဘုရားသခင်အဖို့ မိမိကိုယ်တော်တိုင်အား ကျွန်ုပ်တို့အထဲသို့ ပေါင်းထည့်ပေးစေခြင်းငှာ လမ်းဖွင့်ပေးသည် - ၁း၈-၉။ ၄း၁၆-၁၈။
2. ဘေးဒုက္ခများသည် သည်းခံခြင်းကို ထုတ်လုပ်ပေးပြီး၊ ယင်းသည် သက်သေထင်ရှားခြင်းကို ဖြစ်ပေါ်လာစေသည်၊ သက်သေထင်ရှားခြင်း သို့မဟုတ် ဂုဏ်အင်လက္ခဏာသည် ဘေးဒုက္ခနှင့်စမ်းသပ်စစ်ဆေးခြင်းကို သည်းခံခြင်းနှင့် တွေ့ကြုံခံစားခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည် - ရော၊၅း၃-၄။

E. ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို မေတ္တာတော်အဖြစ် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ကျွန်ုပ်တို့အတွင်း လှုံ့ဆော်ပေးသောတန်ခိုးအဖြစ် ကျွန်ုပ်တို့ထံ ပေးထားခဲ့ပြီးသော သန့်ရှင်းသောဝိညာဉ်တော်ဖြင့် သွန်းလောင်းခဲ့သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘေးဒုက္ခများအားလုံး၌ သာလွန်အနိုင်ယူနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မည်သည့်ဘေးဒုက္ခမျိုးကိုမဆို သည်းခံနေရသည့်အခါ ကျွန်ုပ်တို့ အရှက်ရသွားခြင်းမဟုတ်ဘဲ၊ ကိုယ်တော်ကြီးမားထင်ရှားခြင်းအတွက် ခရစ်တော်ကို အသက်ရှင်ခြင်း ရှိကြသည် - အငယ်၊၅။ ၈း၃၁-၃၉။ ၂ကော၊၅း၁၄-၁၅။ ဖိ၊၁း၁၉-၂၁က။

*© 2020 Living Stream Ministry*